(င) ဆင်းရဲသားလူတန်းစားတို့၏ မှီခို အားထားရသူ ဖြစ်တတ်၏။

(စ) ဥပဒေဘောင်အတွင်း မှီတင်းနေထိုင်နိုင်မှုကြောင့် ကျော်စောထင်ရှားမှုဖြင့် ဘဝနိဂုံးချုပ်တတ်၏။

(ဆ) အိုးအိမ်ပိုင်ဆိုင်သူဖြစ်ပြီး လူ ကြည်ညိုလေးစား သူဖြစ်ကာ၊ အဆင့်အတန်းမြင့်မားစွာ နေထိုင်ရ တတ်၏။



## (၃) နဖူးပြင်အလယ်အပေါ် ဘက်

(က) ခစ်မှုထမ်းလျှင် ရာထူးကြီးများ ရတတ်၏။

(ခ) ခြေလေးချောင်းရှိသော သတ္တဝါတို့၏ မြိုင်ပွဲ လောင်းကစားမှုကြောင့် ငွေကြေး အမြောက် အမြား ရရှိတတ်၏။

(ဂ) မိုးကိုအသုံးပြုရသော အသက်မွေးဝမ်းကျောင်းမှု (ဥပမာ–သတ္တုများကိုကြိုချက်၍ အသုံးအဆောင် ပစ္စည်းများ ထုတ်လုပ်ခြင်းကြောင့် ချမ်းသာ ကြွယ်ဝ တတ်၏။

(ဃ) ဖခင်ဖြစ်သူအား ခိုက်တတ်၏။

(င) ငွေကြေးအဆင်ပြေတတ်၏။

(စ) ဩဇာအာဏာရှိပြီး ကြည်ညိုလေးစားခြင်းကို ခံ ရတတ်၏။

(ဆ) အလွန်ချမ်းသာကြွယ်ဝတတ်၏။

## (၄) နဖူးပြင် ညာဘက်

(က) စိတ်သဘောထား ကောင်းမွန်ပြီး အစိုးရအရာရှိ ကြီး တစ်ယောက် ဖြစ်တတ်၏။

(ခ) စည်းစိမ်ချမ်းသာနှင့် ပြည့်စုံတတ်၏။

(ဂ) စိတ်သဘောထား တည်ငြိမ်ပြီး ပြဿနာ အခက် အခဲနှင့်ကြုံတွေ့လျှင် ခေါင်းအေးအေးဖြင့် ဖြေရှင်းတတ် ၏။

(ဃ) စီးပွားရေးလုပ်လျှင်တိုးတက်အောင်မြင်တတ်၏။

www.burmeseclassic.com

www.burmeseclassic.com



(၅) နဖူးပြင် ဘယ်ဘက်

(က) လူလိမ်ခံရတတ်၏။

(ခ) နိုင်ငံအကြီးအကဲများနှင့် ရင်းရင်းနှီးနှီး ခင်မင်၍ ချမ်းသာကြွယ်ဝတတ်၏။

(ဂ) လက်ဖွာတတ်၏။

(ဃ) စိတ်သဘောထား မတည်ကြည်သူ ဖြစ်တတ်၏။

(င) အမျိုးသမီးများနှင့်နှောင်ဖွဲ့ရစ်ပတ်နေခြင်းဖြင့်သာ ဘဝတစ်လျှောက် တစ်သက်တာ နေတတ်၏။

(၆) မျက်ခုံးနှစ်ခု၏ အလယ်တည့်တည့်

(က) ကောင်းလျှင် အလွန်ကောင်းတတ်ပြီး ဆိုးလျှင် အလွန် ဆိုးတတ်၏။

(ခ) ဇနီးဖြစ်သူကို ခိုက်တတ်၏။

(ဂ) ထင်ရှားကျော်ကြားသူ ဖြစ်တတ်သည်၊ ရက်စက် ကြမ်းကြုတ်မှုလည်း ရှိတတ်၏။

(၇) မျက်ခုံးညာဘက်

(က) စီးပွားရေးလုပ်ငန်းများ အောင်မြင်တတ်၏။

(ခ) အမြဲတမ်းခရီးသွားလာ၍ နေရတတ်၏။

(ဂ) အိမ်ထောင်ရေးသုခကို ခံစားရတတ်၏။

(ဃ) အကြီးအကဲ ဖြစ်တတ်၏။

(င) ချမ်းသာကြွယ်ဝတတ်၏။

(စ) လူမျိုးခြားအမျိုးသမီးနှင့် လက်ထပ်ရတတ်၏။



(၈) မျက်ခုံးဘယ်ဘက်

(က) ခေါင်းမာတတ်၏။

(ခ) အသုံးအစွဲ စေ့စပ်သေချာတတ်၏။

(ဂ) စိတ်ဓါတ်ကြံ့ခိုင်တတ်၏။

(ဃ) သတ္တိ ဗျတ္တိ ရှိတတ်၏။

(၉) မျက်ခုံးညာဘက်

(က) အသက်တိုတတ်၏။

(ခ) မီးလောင်ခြင်း ခံရပြီး သေဆုံးရတတ်၏။

(ဂ) စိတ်ချမ်းသာကိုယ်ချမ်းသာဖြစ်တတ်၏။

(ဃ) ငယ်ငယ်ရွယ်ရွယ်နှင့်အိမ်ထောင်ကျတတ်၏။

(၁၀)မျက်ခုံးဘယ်ဘက်

(က) ရာထူးကြီး ရတတ်သည်။

(ခ) စီးပွားရေး အလွန်ကြပ်တည်းတတ်သည်။

(ဂ) အသက်တိုတတ်သည်။

(ဃ) ဆင်းရဲဒုက္ခ အမျိုးမျိုး ရောက်တတ်၏။

(၁၁)မျက်လုံးအိမ်တွင်း (ဘယ်–ညာ)

(က) အလုပ်ကို မည်မျှပင်စေတနာထား၍လုပ်ဆောင်သော်လည်း မျက်နှာကောင်း မရ ဆူပူကြိမ်းမောင်းခြင်းကိုသာ ခံရတတ်၏။

(ခ) မကောင်းမှုဖြင့်အသက်မွေးဝမ်းကြောင်း ရတတ်၏။

(ဂ) ဆန္ဒကျင်ဘက်လိင်၏ အညှိုးထားခြင်း၊ ဂုန်းတည်းခြင်းကို ခံရတတ်၏။

www.burmeseclassic.com

www.burmeseclassic.com



(၁၂)မျက်လုံးညာထောင့်

(က) စန်းပွင့်တတ်၏။

(ခ) ဆန့်ကျင်ဘက်လိင် (အမျိုးသမီးများ)၏ ချစ်ခင်စွဲလမ်းခြင်းကို ခံရတတ်၏။

(ဂ) မမျှော်လင့်ဘဲ အိမ်ထောင်ပျက်တတ်၏။

(ဃ) အစာအိမ်ရောဂါ ဖြစ်တတ်၏။

(၁၃)မျက်လုံးဗယ်ထောင့်

(က) ဆင်းရဲဒုက္ခ ရောက်တတ်၏။

(ခ) ငွေကြေးကြောင့် ပူပင်သောက ရောက်တတ်၏။

(ဂ) သားဖြစ်သူအားလည်း ခိုက်တတ်၏။

(ဃ) တရားတဘောင်နှင့်ရင်ဆိုင်တွေ့ကြုံရခြင်း၊ အစော်ကား ခံရခြင်း၊ ထိုးပုတ်ရိုက်နှက် ခံရတတ်၏။

(င) အခိုးခံရခြင်း၊ အလိမ်ခံရခြင်းများ ဖြစ်တတ်၏။

(၁၄)ညာမျက်လုံးအောက်

(က) မိခင်နှင့် သားသမီးများအား ခိုက်တတ်၏။

(ခ) ဇနီးဖြစ်သူအား ခိုက်တတ်၏။

(ဂ) ဖခင်ဖြစ်သူအား ခိုက်တတ်၏။

(ဃ) အသက်တိုတတ်၏။

(င) ငယ်စဉ်က အမြင့်မှ လိမ့်ကျသဖြင့် ကျိုးပဲ့နေတတ်၏။

(စ) လူစွန်းလူစ မရှိ စိတ်ဓါတ်လည်း ညံ့ဖျင်းသူဖြစ်တတ်၏။



(၁၅)ဗယ်မျက်လုံးအောက်

(က) အသက်တိုတတ်၏။

(ခ) သားသမီးများအား ခိုက်တတ်၏။

(ဂ) ဇနီးဖြစ်သူအား ခိုက်တတ်၏။

(ဃ) သားသမီးနည်းပြီး ငွေကြေးကြပ်တည်းတတ်၏။

(င) ဆန့်ကျင်ဘက်လိင်(အမျိုးသမီးများ)၏ နှစ်သက်စွဲလမ်းခြင်းကိုခံရသော်လည်းမသမာသောစိတ်ဖြင့် တုန့်ပြန်တတ်၏။

(စ) ချမ်းသာကြွယ်ဝသောအမျိုးသမီးနှင့် အိမ်ထောင်ကျတတ်၏။

(ဆ) အမျိုးသမီးများနှင့် ရှုတ်တတ်၏။

(၁၆)ညာဘက်ပါးပြင်ပေါ်

(က) သားသမီး သေဆုံးတတ်၏။

(ခ) စိတ်သဘောထား နူးညံ့သိမ်မွေ့သူ ဖြစ်တတ်၏။

(ဂ) စားဝတ်နေရေးပြေလည်ရုံသာ နေထိုင်ရတတ်၏။

(ဃ) လိုအင်တပ်မက်သည့်အာရုံ များတတ်၏။

(င) အသက်ရှည်တတ်၏။

(စ) ကျန်းမာရေး ကောင်းတတ်၏။

(ဆ) မရည်ရွယ်ပဲနှင့် စီးစိမ်ဉစ္စာများ ရရှိတတ်၏။

(ဇ) စကားပြော ကောင်းသလောက် အစားကျူးသူလည်း ဖြစ်တတ်၏။

(ဈ) ကုသ၍မရသောရောဂါဖြင့် ဘဝနိဂုံးချုပ်တတ်၏။

www.burmeseclassic.com

www.burmeseclassic.com



(၁၇)ဘယ်ဘက်ပါးပြင်ပေါ်

(က) ပူပန်သောက ရောက်တတ်၏။

(ခ) ဘဝနိမ့်ပါးနေရာမှတိုးတက်ပြီး ပြန်၍ ကျဆင်း တတ်၏။

(ဂ) အလွန်အလွန်ကို ကြိုးစားနိုင်မှ အောင်မြင်မှု ရ တတ်၏။

(ဃ) လောဘ ကြီးတတ်၏။

(င) သူတစ်ပါး၏ သားသမီးကို မွေးစားရတတ်၏။

(စ) အသက်ရှည်တတ်၏။

(ဆ) ဇနီးမယား ဘေးတွေ့တတ်၏။

(ဇ) စိတ်သဘောထား ကောင်းမွန်တတ်၏။

(ဈ) အဖျားအနာ များတတ်၏။

(၁၈)နှာခေါင်းရိုးအပေါ်ပိုင်း

(က) အနုပညာနှင့်ပတ်သက်၍ စာတွေ့တော်သူ ဖြစ် တတ်၏။

(ခ) ချမ်းသာကြွယ်ဝမှုဟူသမျှကိုမိန်းမလိုက်စားမှုဖြင့် ကုန်ဆုံးတတ်၏။

(ဂ) ဇနီးဖြစ်သူ ခိုက်တတ်၏။



(၁၉)နှာခေါင်းရိုးအောက်ပိုင်း

(က) ဉာဏ်ပညာထက်မြက်ပြီး ကံကောင်းတတ်၏။

(ခ) အမွေဥစ္စာပစ္စည်းများ ရရှိတတ်၏။

(ဂ) အစာအိမ် (သို့မဟုတ်) အသည်းရောဂါများ ရရှိ တတ်၏။

(ဃ) ထိခိုက်မိ၍ သေဆုံးတတ်၏။

(၂၀)နှာခေါင်းရိုးညာဘက်

(က) ခရီး များတတ်၏။

(ခ) နိုင်ငံခြားတွင် အလုပ်လုပ်ရတတ်၏။

(ဂ) စီးပွားရေးတွင် ကံကောင်းတတ်၏။

(၂၁)နှာခေါင်းရိုးဘယ်ဘက်

(က) ကိုယ့်အားကိုယ်ကိုးတတ်၏။

(ခ) အလုပ်အကိုင်တွင် အောင်မြင်မှုရရှိတတ်၏။

(ဂ) အိမ်ထောင်ရေး ကံကောင်းတတ်၏။

(၂၂)ညာနားရွက်

(က) မှဲ့ခြောက်ရှိလျှင် အသက်တိုတတ်၏။

(ခ) မှဲ့စိုရှိလျှင် အသက်ရှည်တတ်၏။

(၂၃)ဘယ်နားရွက်

(က) မှဲ့နက်ဖြစ်လျှင် ပင်ပန်းကြီးစွာ လုပ်ကိုင်စားရ တတ်၏။

(ခ) ကြပ်တည်းစွာ နေရတတ်၏။

(ဂ) မှဲ့နီဖြစ်လျှင် အောင်မြင်မှု ရရှိတတ်၏။

www.burmeseclassic.com

www.burmeseclassic.com



**(၂၄)ညာနှုတ်ခမ်းအပေါ်**

(က) လိုချင်တပ်မက်သောစိတ် များတတ်၏။

(ခ) အသက်ရှည်တတ်၏။

(ဂ) လူချစ်လူခင် များတတ်၏။

(ဃ) ကံကောင်းတတ်၏။

**(၂၅)ဘယ်နှုတ်ခမ်းအပေါ်**

(က) အသက်ရှည်တတ်၏။

(ခ) လေ့လာအားထုတ်မှုများတတ်၏။

(ဂ) ကံကောင်းတတ်၏။

(ဃ) ရောင်းဝယ်မှုကိစ္စများတွင် စန်းပွင့်တတ်၏။

**(၂၆)အပေါ်နှုတ်ခမ်းအလယ်တည့်တည့်**

(က) ဉာဏ်ပညာထက်မြက်တတ်၏။

(ခ) ချမ်းသာကြွယ်ဝတတ်၏။

(ဂ) ကြီးမြတ်သောသူတို့၏ အရေးပေးခြင်းကို ခံရတတ်၏။

(ဃ) အမြင့်မှ လိမ့်ကျတတ်၏။

(င) အစာအိမ်ရောဂါ ဖြစ်တတ်၏။

**(၂၇)ညာနှုတ်ခမ်းအောက်**

(က) ဥစ္စာပစ္စည်းကြွယ်ဝချမ်းသာပြီး အသက်ရှည်တတ်၏။

(ခ) ရိုးသားကြိုးစားပြီး ခပ်ကုတ်ကုတ် နေတတ်၏။



(ဂ) ဖွက်ချိတ်ထားသော အဘိုးတန်ရတနာများ မြေမြှုပ်လင့်ခဲ့ တွေ့ခြင်း အမွေပစ္စည်းများစွာကိုရရှိတတ်၏။

(ဃ) စိတ်တိုပြီး ဘုသောက်ပြောတတ်၏။

(င) ရောင်းဝယ်မှုကိစ္စများတွင် စန်းပွင့်တတ်၏။

(စ) ငွေကြေး ပြည့်စုံတတ်၏။

**(၂၈)ဘယ်နှုတ်ခမ်းအောက်**

(က) လိင်စိတ် များတတ်၏။

(ခ) မိတ်ဆွေများ၏ မလိုမုန်းတည်းခြင်းကို ခံရတတ်၏။

(ဂ) ခွေးရူးရောဂါ ဖြစ်တတ်၏။

(ဃ) အိမ်ထောင်ဆက် များတတ်၏။

(င) ဩဇာအာဏာရှိသူ ဖြစ်တတ်၏။

(စ) ငွေကြေး ပြည့်စုံတတ်၏။

**(၂၉)အောက်နှုတ်ခမ်းတည့်တည့်**

(က) အထက်အာဏာရှိသူကို၏ ဖိနှိပ်မှုကို ခံရတတ်၏။

(ခ) မိမိ၏ဇနီး(သို့မဟုတ်)ခင်ပွန်းကိုအလိုလိုက်မှုကြောင့် ဒုက္ခတွေ့ရတတ်၏။

(ဂ) ဒုက္ခသုက္ခတို့နှင့်သာ ရပ်တည်နေသူ ဖြစ်တတ်၏။

www.burmeseclassic.com

www.burmeseclassic.com



**(၃၀)မေးစေ့အပေါ်ပိုင်း**

(က) လက်တွေ့သမား ဖြစ်တတ်၏။

(ခ) သဘောကောင်းပြီး ဂုဏ်သရေရှိရှိ နေတတ်၏။

(ဂ) ဇနီးသားမယားဘက်မှ ငွေကြေးဥစ္စာဓနများ ရတတ်၏။

(ဃ) ရန်သူအား အမြဲကြီး လက်စားချေတတ်၏။

**(၃၁)မေးစေ့ညာဘက်**

(က) ဦးနှောက် ယိုယွင်းနေတတ်၏။

(ခ) သက်ကြီးရွယ်အိုဖြစ်သည့်တိုင်အောင် မိသားစုကို ဦးမဆောင်နိုင်သူ ဖြစ်တတ်၏။

(ဂ) ဘဝတွင် မပင်ပန်းပဲ စိမ်ကျကျ နေရတတ်၏။

(ဃ) ကြိုးစား၍ စီးပွားရှာလျှင် စီးပွားရေး တိုးတက်ကောင်းမွန်တတ်၏။

**(၃၂)မေးစေ့ဘယ်ဘက်**

(က) ပေါ့ပေါ့တန်တန် လက်လွှတ်စပယ် နေတတ်၏။

(ခ) တရားဥပဒေဖြင့် တရားစွဲဆိုခြင်း ခံရတတ်သော်လည်း နောက်ဆုံး အမှုမှန်ပေါ်ပေါက်၍ တရားနိုင်ရတတ်၏။

(ဂ) အပျော်ကြူးမှုကြောင့် ကိုယ်ရော စိတ်ပါ ဒုက္ခတွေ့တတ်၏။

(ဃ) သွေးမျိုးတို့၏ အမွေအနှစ်မြောက်မြားစွာကိုသော်လည်းကောင်း၊ ဇနီးမယားဘက်မှ ပစ္စည်းဥစ္စာဓနများကိုသော်လည်းကောင်း ရရှိတတ်၏။



**(၃၃)မေးစေ့အလယ်တည့်တည့်**

(က) စိတ်ထား ဖြူစင်တတ်၏။

(ခ) အိမ်ထောင်ဆက် များတတ်၏။

(ဂ) မြာပွေတတ်၏။

**(၃၄)မေးစေ့အောက်ဘက်**

(က) အချစ်ရေး၊ ပညာရေး၊ စီးပွားရေး ကိစ္စများတွင် အထူးပင်အောင်မြင်မှု ရရှိတတ်၏။

(ခ) အိမ်ထောင်ရေး မတည်မငြိမ် ဖြစ်တတ်၏။

(ဂ) ထောင်ကျတတ်၏။

**(၃၅)မေးဖျား**

(က) အကုသိုလ်ကို ရှောင်တတ်၏။

(ခ) တရားသဘောကို နှလုံးသွင်းတတ်၏။

(ဂ) ချမ်းသာကြီးပွား တိုးတက်အောင်မြင်တတ်၏။

**(၃၆)မေးရိုးညာဘက်**

(က) ဝေဖန်တတ်၏။

(ခ) ဉာဏ်ပညာ ကြီးတတ်၏။

(ဂ) တစ်ခါတစ်ရံ ကြီးကျယ်သောအနာရောဂါဝေဒနာကို ခံစားရတတ်၏။

(ဃ) ကုသိုလ်တရား ပွားများနေတတ်၏။

(င) တရားကျင့်ကြံ အားထုတ်လျှင် တရားထူး ရရှိတတ်၏။

(စ) လူအများနှင့် လိုက်လျောညီထွေ ဖြစ်အောင် နေထိုင်သွားလာ တတ်၏။

www.burmeseclassic.com

www.burmeseclassic.com



(၃၇) မေးရိုးဆက်အဆက်

(က) ရေ(သို့မဟုတ်)မီးဘေးအန္တရာယ် ကြုံတွေ့ရတတ်၏။


(ခ) ရာဇကြီး၍ ဒေါသထွက်လွယ်သူ ဖြစ်တတ်၏။

(ဂ) သိမ်လည်လှည့်ဖျားတတ်၏။

(ဃ) ကျန်းမာရေး ချို့တဲ့မှုကြောင့် ဆင်းရဲကြီးစွာ ဘဝနိဂုံး ချုပ်ရတတ်၏။

**********************






www.burmeseclassic.com

www.burmeseclassic.com



## ကျား/လည်ပင်းပိုင်းရှိ မှဲ့အဟော

**(၃၈)လည်ပင်း အပေါ်ပိုင်း**

(က) အနုပညာကို ဝါသနာထုံတတ်၏။

(ခ) အလုပ်အကိုင်တိုင်း အောင်မြင်မှုရရှိတတ်၏။

(ဂ) ထင်ရှားကျော်ကြားတတ်၏။

**(၃၉)လည်ပင်း ညာဘက်**

(က) ချမ်းသာကြွယ်ဝတတ်၏။

(ခ) တရားသဘောကို နှလုံးသွင်းတတ်၏။

(ဃ) အတုသိုလ်ကို အထူးရှောင်တတ်၏။

**(၄၀)လည်ပင်း ဗယ်ဘက်**

(က) ကျ[illegible]လာအပေါင်း ခညောင်းသူ ဖြစ်တတ်၏။

(ခ) ဂုဏ်သရေရှိ လူကြီးလူကောင်း ဖြစ်တတ်၏။

(ဂ) ရဟန်းဝတ်ဖြစ်ခဲ့သော် အသက်အရွယ် ကြီးရင့်လာချိန်တွင် ထင်ရှားသော ဘုန်းတော်ကြီး ဖြစ်တတ်၏။



**(၄၁)လည်ပင်း အောက်ပိုင်း**

(က) စိတ်ချမ်းသာမှု ရရှိတတ်၏။

(ခ) အထူးသဖြင့် ပညာရေးဘက်တွင် ထူးချွန်အောင်မြင် တတ်၏။


(ဂ) စီးပွားရေးလုပ်ငန်းပိုင်းတွင် အလယ်အလတ်ဖြစ်တတ်၏။

*****************

www.burmeseclassic.com

www.burmeseclassic.com

ကျား/ရင်ပြင်ဗိုက်ရှိမှဲ့အဟော






## ကျား/ရင်ပြင်ဗိုက်ရှိ မှဲ့အဟော

(၄၂)ရင်ပြင်ညာဘက်အပေါ်

(က) ချမ်းသာတတ်၏။

(ခ) အလုပ်အကိုင် ကောင်းတတ်၏။

(ဂ) အိမ်ထောင်ရေးအဆင်ပြေပြီး သားကောင်းသမီးကောင်းများ ထွန်းကားတတ်၏။

(ဃ) ငယ်ရွယ်စဉ်က ချမ်းသာသော်လည်း အကောင်းအဆိုး ရောပြွမ်းနေသော ဘဝမျိုး ဖြစ်တတ်၏။

(င) စာပေ အနုပညာ အရည်အချင်း ရှိပြီး၊ နိုင်ငံရေးလောကအမြင် သန့်စွမ်းတတ်၏။

(စ) ဘာသာရေး ကိုင်းရှိုင်းတတ်၏။

(ဆ) ဆင်းရဲသားလူတန်းစားတို့၏ မှီခို အားထားရာ ပုဂ္ဂိုလ်ကြီး ဖြစ်တတ်၏။

(ဇ) ဥပဒေဘောင်အတွင်း မှီတင်း နေထိုင်မှုကြောင့် ကျော်ဇောထင်ရှားမှုဖြင့်သာဘဝနိဂုံးချုပ်တတ်၏။

www.burmeseclassic.com

www.burmeseclassic.com



(၄၃)ညာဘက်နို့ဖုံ့အောက်ဖနီး

(က) မိမိ၏ ကိုယ်စွမ်းကိုယ်စ လုံ့လ ဥဿာဟ အား ထုတ်မှုဖြင့် ကြီးပွားတတ်၏။

(ခ) အစုရှယ်ယာဝင်သော လုပ်ငန်းဖြင့် အကျိုးပေး တတ်၏။

(ဂ) မုန့်လိုတတ်ပြီး အသုံးဖွာတတ်၏။

(ဃ) ကာမရမ္မက်လွန်ကဲမှုကြောင့် ရုတ်တရက် ဆင်းရဲ မွဲ သွားတတ်၏။

(၄၄)ညာခေါ်ဆိုက်အောက်ပိုင်း

(က) လိမ် ပည်လှည့်ပတ်များပြီး ခေါင်းဖြင့် ရာဇဝတ်မှု များ ပြုကျင့်တတ်၏။

(ခ) ရာဂကြီးသူ ဒေါသကြီးသူ ဖြစ်တတ်၏။

(ဂ) လူဆိုးလူမိုက်များ ဖြစ်တတ်၏။

(၄၅)ရင်အလယ်တည့်တည့်

(က) ကံတရားကြောင့် ကြီးပွားချမ်းသာတတ်၏။

(ခ) ရိုင်းစိုင်းရက်စက်တတ်၏။

(ဂ) စိတ်ဓါတ်ညှိုးနွမ်းတတ်၏။

(ဃ) ငယ်ရွယ်စဉ်က အမြင့်မှ လိမ့်ကျသဖြင့် ကျိုးပဲ့၍ နေတတ်၏။



(၄၆)ညာဘက်နံရိုးအောက်

(က) စီးပွားရေး လုပ်ငန်း ချင်းပေးဝယ်တာများဖြင့် ချမ်းသာကြွယ်ဝတတ်သည်။

(ခ) အသက်သုံးဆယ့်ငါးနှစ်ဝန်းကျင်တွင်ရပ်ဝေးခရီး၌ သွားရောက်မှုပြုခြင်းဖြင့် ငွေကြေး အမြောက် အများ ရရှိတတ်၏။

(၄၇)ဘယ်ရင်အုံ့အပေါ်

(က) ဒေါသထွက်လွယ်တတ်၏။

(ခ) လိင်စိတ် များတတ်၏။

(ဂ) ကာမဂုဏ် လိုက်စားတတ်၏။

(၄၈)ဘယ်ရင်အုံ့အောက်ဘက်

(က) တစွတ်သိုးစိတ်ကြောင့် ကြမ္မာဆိုးများနှင့် တွေ့ရ တတ်၏။

(ခ) အသက်လူကြီးများအား ပမာမခန့် မလေးမစား ပြုမူဆက်ဆံမှုကြောင့် ထောင်တန်း ကျတတ်၏။

(ဂ) ပျောက်တွန်းမှု အကြံဉာဏ်များကို လက်ခံမိ၍ စိတ်သောကများစွာ ရောက်တတ်၏။

(ဃ) သုံးဆယ်နှင့် လေးဆယ်အကြားတွင် မိမိကိုယ် ကို သေကြောင်းကြံတတ်သော်လည်း မအောင် မြင်ဘဲ ထောင်နန်းစံရတတ်၏။

www.burmeseclassic.com

www.burmeseclassic.com



(၄၉)ဗယ်ရင်နဲ့ကြားအောက်ဘက်

(က) ခေါင်းမာခြင်း၊ ဆန္ဒကြီးခြင်း၊ ကြီးကျယ်ခန်းနားခြင်း၊ ရက်ရောခြင်းရှိသူတစ်ဦး ဖြစ်တတ်၏။

(ခ) လူပျော်ကြီး ဖြစ်တတ်၏။

(ဂ) ထိုးထွင်းဉာဏ် ကောင်းတတ်၏။

(၅၀)ဗယ်ရင်အိုအောက်နံရိုးများအပေါ်

(က) မကောင်းမှုကိုနှစ်ကြိုက်နေသူ ဖြစ်တတ်၏။

(ခ) မိတ်ဆွေများအား မလိုမုန်းထားတတ်၏။

(ဂ) သွေးများကို ချစ်သနားတတ်၏။

(ဃ) သွေးရူးပြန်ရောဂါဖြင့် သေဆုံးရတတ်၏။

(င) သရဲဘော ကြောင်တတ်၏။

(စ) စိတ်အား ငယ်တတ်၏။

(၅၁)ဗယ်ဝမ်းဗိုက်အောက်ပိုင်း

(က) စိတ်သဘောထား ငြောင်းတတ်၏။

(ခ) အဆုတ်ရောဂါ ဖြစ်တတ်၏။

(ဂ) ချမ်းသာကြွယ်ဝတတ်၏။

(ဃ) စိတ်အေးချမ်းသာ နေရတတ်၏။

(၅၂)ဝမ်းဗိုက်အောက်အလယ်တည့်တည့်

(က) မည်သို့ပင် ရိုးသားမှု ကောင်းရာမွန်ရာကိုဆောင်ရွက်စေကာမူ မကောင်းကျိုး ဒုက္ခအပေါင်းတို့က ဘဝတစ်လျှောက်လုံး ဖိစီးနေတတ်၏။



(၅၃)ဝမ်းဗိုက်(ချက်) ဝန်းဂ ိ

(က) ချမ်းသာကြွယ်ဝတ ၏။

(၅၄)ဝမ်းဗိုက်(ချက်) အောက်ပိုင်း

(က) ချမ်းသာကြွယ်ဝတတ်၏။

(ခ) စည်းစိမ်ဥစ္စာနှင့် ပြည့်စုံတတ်၏။

(ဂ) ပညာထူးချွန်သူ ဖြစ်တတ်၏။


(ဃ) ဩဇာအာဏာ ရှိသူဖြစ်တတ်၏။

(င) ဘဝတွင် ကံကောင်းသူ ဖြစ်တတ်၏။

*******************

www.burmeseclassic.com

ကျား/ကျောပြင်၊ ခါးရှိ မှဲ့အဟော






# ကျား/ကျောပြင်၊ ခါးရှိ မှဲ့အဟော

**(၅၅)ကျောပြင်အထက်ပိုင်း လည်ပင်းအနား**

(က) ဉာဏ်ပညာ ထူးချွန်တတ်၏။

(ခ) ချမ်းသာကြွယ်ဝတတ်၏။

(ဂ) မိမိနေထိုင်ရာ မြို့နယ် ရပ်ကွက်တွင် အုပ်ချုပ်ရသောသူ ဖြစ်တတ်၏။

**(၅၆)ကျောရိုးတစ်လျှောက် ဗယ်ဘက်ခြမ်း**

(က) ဖခင်ဖြစ်သူ၏ အမွေကို ချမ်းသာစွာ ခံစားရတတ်၏။

(ခ) အိမ်ယာမြေ သို့မဟုတ် လယ်ယာကိုင်းကျွန်းတို့မှ ရရှိသော ငွေကြေးများဖြင့် ချမ်းသာကြွယ်ဝတတ်၏။

(ဂ) ကိုယ်ပိုင်အရည်အချင်း မရှိခြင်း၊ စိတ်သဘောထား သေးသိမ်ခြင်း တရှုးထိုး လုပ်ကိုင်သောင်

www.burmeseclassic.com



ရွက်တတ်ခြင်းတို့ကြောင့် မည်သည့်လူတမ်းစားကမှ မဆက်ဆံလိုခြင်း၊ ရွံ့ချခံရခြင်းများ ဖြစ်တတ်၏။

(ဃ) အခြေခံ ကိစ္စရပ်များတွင် ဝင်ရောက်ဆောင်ရွက်မှုကြောင့်ဘဝနိဂုံးချုပ်ခါနီးမှ ဂုဏ်သိက္ခာ အသင့်အတင့် ရရှိတတ်၏။

(င) ဂလဲ့စားချေလိုခြင်း၊ လှဲ့ဖျားခြင်း၊ အငြင်းအခုံသန်ခြင်း၊ ရန်လိုခြင်း၊ ဒေါသကြီးလွန်းသူ ဖြစ်တတ်၏။

(စ) မသေသဆုံးမီ အနှစ်နှစ်ဆယ်ခန့်မှစ၍ နာတာရှည် ရောဂါ ဝေဒနာကို ခံစားရတတ်၏။

**(၅၇)ဘယ်ကျောအောက်၊ ကျောမြင်အနီး**

(က) ရဲရင့်သတ္တိရှိသူဟု ကျော်ကြားသော်လည်း၊ သူ့ရဲဘောကြောင်သူတစ်ဦး ဖြစ်နေတတ်သည်။

(ခ) ဆန့်ကျင်ဘက်လိင်(အမျိုးသမီးများ)နှင့်ပတ်သက်၍ အငြင်းပွားရန်ဖြစ်ခြင်း၊ တရားစွဲဆိုခြင်းများ ခံရတတ်၏။

(ဂ) ငယ်ရွယ်သော အမျိုးသမီးများကို သတိထား၍ မဆက်ဆံလျှင်၊ ဒုက္ခတွေ့ရတတ်၏။



**(၅၈)ကျောမြင်၏ တင်ပါးရိုးနှင့်ကျောရိုးအကြား**

(က) အတိုင်းတိုင်းအပြည်ပြည်သို့ ကြာရှည်ခရီး ဆန့်တတ်ပြီး မရောက်ဘူးသောနိုင်ငံများစွာသို့သွားတတ်၏။

(ခ) နိုင်ငံရပ်ခြားတွင် ကျောက်သံပတ္တမြား အရောင်းအဝယ်-လုပ်ငန်းများဖြင့် ချမ်းသာကြီးပွား ထတ်၏။

(ဂ) ထိုချမ်းသာကြွယ်ဝမှုတို့ကို အလဟဿ ဖြုန်းတီး တတ်၏။

**(၅၉)ကျောရိုးတစ်လျှောက်**

(က) ဉာဏ်ပညာ ထူးချွန်တတ်၏။

(ခ) ချမ်းသာကြွယ်ဝ၍ ဥစ္စာပေါများသူ ဖြစ်တတ်၏။

(ဂ) သြဇာအာဏာ ရှိတတ်၏။

**(၆၀)ဗယ်ကျောမြင်အောက်ပိုင်း**

(က) သဘောကောင်းသည့်ပြင် ဂုဏ်သရေရှိရှိနေတတ်၏။

(ခ) ရေရာသေချာသောတွေးခေါ်ရှင်လည်း ဖြစ်တတ်၏။

(ဂ) ဇနီးမယားဘက်မှ ပါရှိလာသော ငွေကြေးဥစ္စာ ရတနာများဖြင့် ဂုဏ်အရှိန်အဝါများ ရရှိတတ်၏။

(ဃ) မိတ်ဆွေကောင်းတစ်ဦးအဖြစ် ပေါင်းသင်းဆက်သူ ဖြစ်သကဲ့သို့ ရန်သူအားလည်း အပြုံးတကြီးဖြင့် လက်စားချေတတ်၏။

www.burmeseclassic.com

www.burmeseclassic.com



## သုတေသီမြင့်ထွန်း

**(၆၁)ခါး**

(က) အသက်ထိုးတတ်၏။

(ခ) သင်းခွေ့ကွ ရောက်တတ်၏။

**(၆၂)ခါးတည့်တည့်**

(က) အသက်ရှည်တတ်၏။

**(၆၃)ခါးညာဘက်သောင့်**


(က) ဘဝကွင် အောင်မြင်တတ်၏။

**(၆၄)ညာဘက်ခါးဆစ်အပေါ်**

(က) ပင်လယ်ရပ်ခြားတွင် ကံကောင်းပြီး ချမ်းသာ ကြွယ်ဝ တတ်၏။

(ခ) အတုအယောင်သမားတစ်ဦးသော်လည်းကောင်း၊ မေ့နေတစ်ဦးကသော်လည်းကောင်း ဒုက္ခပေး တတ်၏။

******************



www.burmeseclassic.com

www.burmeseclassic.com



# ကျား/လက်မောင်းမှ လက်ကောက်ဝတ်ရှိ မှဲ့အဟော

**(၆၅)ဖယ်ဘက်ပခုံးရိုးအောက်အနီး**

(က) လွဲမှားသော ပြုလုပ်မှုများကြောင့်လည်းကောင်း၊ လိမ်လည် လှည့်ဖျားမှုများကြောင့်လည်းကောင်း ဆင်းရဲဒုက္ခကြုံတွေ့ရတတ်၏။

(ခ) နိုင်ငံအကြီးအကဲတစ်ဦးဦးနှင့် ခင်မင်ရင်းနှီးသော ဂုဏ်သရေရှိသည့် ဆွေမျိုးသားချင်းတစ်ဦးဦး ကြောင့် ယင်း ဆင်းရဲဒုက္ခမှ လွတ်မြောက်သွားတတ်သည်။

(ဂ) နှစ်အတန်ကြာ ထောင်သွင်းအကျဉ်းချခြင်းကို ခံ ရတတ်၏။

**(၆၆)ဖယ်ပခုံးအပေါ်ထည့်ထည့်**

(က) ဆွေမျိုးမိတ်ဆွေသင်္ဂဟများ၏ အရိုးခံ၊ အကြံ ဉာဏ်များ လိုက်နာကျင့်သုံးသော်လည်း တရားစွဲ ခံရခြင်း၊ အစော်ကားခံရခြင်း၊ ထိုးပုတ်ရိုက်နှက် ခံရခြင်းများ ဖြစ်တတ်၏။



(ခ) ကိုယ်တိုင် အခိုးခံရခြင်း၊ အလိမ်ခံရခြင်းများ ဖြစ်တတ်၏။

(ဂ) လောလောဆယ်ပြားတတ်သော မိန်းမတစ်ဦး ကြောင့် လူမှုရေးနှင့် ငွေကြေးဥစ္စာပါ ဆုံးပါး တတ်၏။

**(၆၇)ဖယ်ပခုံးရိုးအောက်**

(က) စီးပွားရေးကြီးပွားမှုကြောင့် ချမ်းသာကြွယ်ဝ လာတတ်၏။

(ခ) ငယ်ရွယ်စဉ်က ဆင်းရဲမွဲတေ၍ သက်လတ်ပိုင်း၌ မတော်တစ်ဆ ထီဒိုက်အထရာရမှုကြောင့် ဘဝ တွင် လူ့စဉ်မမှီအောင် ဖြစ်တတ်၏။

**(၆၈)ဖယ်ဒိုးချင်းကြားအောက်**

(က) သက်ကြီးပိုင်း၌ ဒုက္ခသုက္ခ ရောက်တတ်၏။

(ခ) ငယ်ရွယ်စဉ်နှင့်သက်လက်ပိုင်းတို့တွင် အေးအေး တည်ငြိမ်မှု ရှိတတ်၏။

(ဂ) လိမ္မာယဉ်ကျေးသော ဂမ္ဘီရသိပ္ပံပညာရပ်များဘက် တွင် ထူးချွန်အောင်မြင်၍ လူတို့၏ အတွင်းစိတ် သဘောထားကို အတိအကျသိနိုင်သော စိတ် ရွှမ်းအားရှင် ဖြစ်တတ်၏။

(ဃ) အသက်သုံးဆယ်နှင့်သုံးဆယ့်ငါးနှစ် အကြား သူ ငယ်ချင်းတစ်ဦး၏ပယောဂကြောင့် အထိရာအနာ တရ အကြီးအကျယ် ရတတ်၏။

www.burmeseclassic.com



(၆၉)ဖယ်ချိုင်းကြားအနီးသတ်နေမှာကျောင်

(က) ဘဝင်ခင်းရဲ့ ခမ္ဘာ့လောက်ရလည့်ကစား ရှုပ်တ ရက် မဖျော့သင့်သော ရှိသည့် စည်းစိမ်ဥစ္စာ ရှာနာငွေစွာများကြောင့် ချမ်းသာကြွယ်ဝတတ်၏။

(ခ) နိုင်ငံခြားတိုင်းပြည်များနှင့် ဆက်သွယ်လုပ်ကိုင်ရ သောကိစ္စရပ်များကြောင့် အထူးတိုးတက် ဖွံ့ဖြိုး တတ်၏။

(၇၀)ဖယ်လက်ခေါင်း

(က) စားဝတ်နေရေး အဆင်ပြေတတ်၏။

(ခ) ဩဇာအာဏာ ရှိတတ်၏။

(ဂ) ဆန့်ကျင်ဘက်လိင်(အမျိုးသမီးများ)၏ ချစ်ခင် စွဲ လန်းခြင်းကို ခံရတတ်၏။

(ဃ) အိမ်ထောင်ဆက် များပြားတတ်၏။

(င) ကာမရမ္မက်စိတ် လွန်ကဲတတ်၏။

(စ) ဆန့်ကျင်ဘက်လိင်(အမျိုးသမီးများ)နှင့်ပတ်သက် ၍ အမှုအခင်းများဖြစ်ပြီး ထောင်တန်းကျရတတ် ၏။

(၇၁)ဖယ်ထောင်ဆစ်

(က) အသက်ရှည်ပြီး ဩဇာအာဏာရှိတတ်၏။



(၇၂)ဖယ်လက်ရုံးအပေါ်

(က) စိတ် မတည်မငြိမ် ဖြစ်တတ်၏။

(ခ) သူတစ်ပါးကို ရန်လိုတတ်၏။

(၇၃)ဖယ်လက်ရုံးအောက်

(က) ဝီရိယအား ကောင်းတတ်၏။

(ခ) ချမ်းသာကြီးပွားတတ်၏။

(ဂ) ရာထူး တိုးတက်တတ်၏။

(၇၄)ဖယ်လက်ကောက်ဝတ်

(က) အကြံ ကြီးတတ်၏။

(ခ) အလုပ်အကိုင်တို့ စိတ်ဝင်စားတတ်၏။

(ဂ) ချမ်းသာကြွယ်ဝတတ်၏။

(၇၅)ဖယ်လက်ကောက်ဝတ်အပေါ်

(က) ဥစ္စာဓန ပေါကြွယ်ဝ၍ သက်တောင့်သက်သာ သော ဘဝမျိုးကို ရရှိတတ်၏။


(ခ) အသေးအဖွဲကလေးများကို ပုံကြီး ချဲ့လွန်းပြီး အကြောင်းမဲ့ ဖြစ်ထင် ကြိမ်းမောင်းတတ်၏။

(ဂ) ဆန့်ကျင်ဘက်လိင်(အမျိုးသမီးများ)နှင့်သာ ရစ် ပတ်နှောင်ဖွဲ့၍ ဘဝတစ်သက်တာတွင်အချိန်ဖြုန်း နေတတ်၏။

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com






**(၇၆)ညာဘက်ပခုံးအပေါ် တည့်တည့်**

(က) ငယ်ရွယ်စဉ်က ဒုက္ခရောက်တတ်သည်၊ သို့သော် အရွယ်ရောက်လာလျှင် ချမ်းသာကြွယ်ဝတတ်၏။

(ခ) ရဲစွမ်းသတ္တိ ရှိတတ်၏။

(ဂ) သစ္စာ ရှိတတ်၏။

(ဃ) အလုပ်အကိုင်တိုင်းထမြောက်အောင်မြင်တတ်၏။

**(၇၇)ညာဘက်ပခုံးရိုးအောက်အနီး**

(က) အသက်အခံ များတတ်၏။

(ခ) ဆုံးရှုံးမှုများစွာဖြင့် ကြုံတွေ့ရတတ်၏။

(ဂ) စိတ်မတည်မငြိမ် ဖြစ်တတ်၏။

**(၇၈)ညာဘက်လက်မောင်း**

(က) အလွန် ဆင်းရဲဒုက္ခရောက်တတ်၏။

(ခ) စိတ်မတည်ငြိမ်စိတ်အပြောင်းအလဲမြန်တတ်၏။

(ဂ) အလုပ်တစ်ခုကို ဇောက်ချပြီး လုပ်လိုစိတ်မရှိ၊ အပြောင်းအလဲမြန်တတ်၏။

(ဃ) ဖျားနာခဏ နာဖျားတတ်၏။

(င) မိတ်ဆွေအပေါင်းအသင်းများနှင့် ခင်မင်မှု ပျက်ပြားတတ်ပြီး မိသားစုပေါ် ထိခိုက်ပျက်စီးတတ်၏။

(စ) အိမ်ထောင်ဘက် သုံးဆက်မျှ ပြုတတ်၏။

(ဆ) ချမ်းသာ၍ အသက်ရှည်တတ်၏။

www.burmeseclassic.com

www.burmeseclassic.com



**(၇၉)ညာဘက်ထောင်ဆစ် အောက်တည့်တည့်**

(က) စစ်ဘက်တွင်ရာထူးကြီးများမြိုးကြီးပွားတတ်၏။

(ခ) လောင်းကစားမှုဖြင့် ငွေကြေး အမြောက်အများ ရရှိတတ်၏။

(ဂ) သတ္တုများကို ကြိုချက်၍ အသုံးအဆောင်ပစ္စည်းများ ထုတ်လုပ်မှုဖြင့် ချမ်းသာကြွယ်ဝတတ်၏။

(ဃ) အမြင့်မှလိမ့်ကျပြီး ဒဏ်ရာအနာတရဖြစ်တတ်၏။

**(၈၀)ညာဘက်လက်ဖျံအောက်**

(က) လက်နက်ကိုင် အဖွဲ့အစည်းများ၌လည်းကောင်း အားကစားဘက်၌လည်းကောင်းအကျိုးဖြစ်ထွန်းတတ်၏။

(ခ) နိုင်ငံရေးခေါင်းဆောင်တစ်ဦး၏စောင်မမှုကြောင့် ငွေကြေးနှင့်လူမှုရေးအခြေအနေများ ကောင်းမွန်တတ်၏။

(ဂ) သုံးဆယ်ခုနစ်နှစ်နှင့် လေးဆယ်ငါးနှစ်အကြား မတော်တဆထိခိုက်ဒဏ်ရာရမှုကြောင့် မျက်လုံးကန်းလုနီးပါး ဖြစ်တတ်၏။

(ဃ) ရှယ်ယာအစုဝင်သော ကိစ္စရပ်များတွင် ပြဿနာပေါ်တတ်၏။



**(၈၁)ညာဘက်လက်ကောက်ဝတ်**

(က) အကြံကြီးတတ်၏။

(ခ) အလုပ်အကိုင်ကို စိတ်ဝင်စားတတ်၏။

(ဂ) ရှက်ကြောက်တတ်၏။


(ဃ) သိမ်သိမ်မွေ့မွေ့ရှိတတ်၏။

(င) သုခုမအနုပညာရပ်များကို စိတ်ဝင်စားတတ်၏။

www.burmeseclassic.com

www.burmeseclassic.com

ကျား/လက်၊လက်ချောင်း၊လက်ဝါးပြင်ပေါ်ရှိမှဲ့အဟော






# ကျား/လက်၊ လက်ချောင်း၊ လက်ဝါးပြင်ပေါ်ရှိ မှဲ့ အဟော

**(၀၂)ညာလက်အပေါ်**

(က) တစ်ကိုယ်ကောင်း သန့်တတ်၏။

(ခ) လုပ်ငန်းများ အောင်မြင်တတ်၏။

**(၀၃)ဘယ်လက်အပေါ်**

(က) ချွေတာတတ်၏။

(ခ) အသိဉာဏ်ပညာဖြင့် ပြည့်စုံတတ်၏။

ဖယ်ညာလက်ချောင်းများပေါ်ရှိ မှဲ့နိမိတ်အဟောတွင် အမျိုးသား/အမျိုးသမီးဟူ၍သီးသန့်ခွဲခြမ်း၍ဟောထားခြင်း မရှိသည်ကို သတိပြုပါ။

**(၀၄)လက်ဖ**

(က) အကြီးအကဲ ဖြစ်တတ်၏။

**(၀၅)လက်ညှိုး**

(က) အထွတ်အထိပ်သို့ ရောက်တတ်၏။ သို့သော် ရန်လိုတတ်၏။

www.burmeseclassic.com

www.burmeseclassic.com



**(၈၆)လက်ခလယ်**

(က) ပညာဉာဏ်ကြီးမားတတ်၏။

**(၈၇)လက်သူကြွယ်**

(က) ချမ်းသာကြွယ်ဝသော်လည်း ငွေကုန်ကြေးကျ များတတ်၏။

(ခ) (မုံ့နှံ့)ဖြစ်ခဲ့လျှင်၊ သားသမီးအတွက်ငွေ အစုလိုက် အပြုံလိုက် ကုန်ရတတ်၏။

**(၈၈)လက်သန်း**

(က) စိတ်ဓါတ်သေးသိမ်တတ်၏။ ကမ္ဘာ့အနောက်ဘက် ခြမ်းရှိလက္ခဏာပညာရှင်များက၊ လူ့လက်ဝါးပြင် ပေါ်တွင်ရှိသော မည်သည့်မှဲ့မျိုးကိုမဆို ဘေး အန္တရာယ်တစ်ခုခုဖြစ်စေ့ အတိတ်နမိတ်ဆောင် သည်ဟု ယူဆထားတတ်ကြသည်။


သို့သော် အရှေ့တိုင်း ဝေဒပညာရှင်များအနေဖြင့် လူ့ လက်ဝါးပြင်ပေါ်ရှိ မှဲ့များနှင့်ပတ်သက်ပြီး နိမိတ်အဟော များ ရှိခဲ့သည်၊ ထိုမှဲ့အဟောများကို လက်ဝါးပေါ်ရှိ ဂြိုလ်ခုံများ တင်ပြရသော် .......

**(၈၉)တနင်္ဂနွေဂြိုဟ်ခုံ**

(က) လူမှုဆက်ဆံရေးကောင်းတတ်၏။

(ခ) အငြင်းပွားရတတ်၏။

(ဂ) ရန်အန္တရာယ်ရှိတတ်၏။




www.burmeseclassic.com

www.burmeseclassic.com



(၉၀)ထနှင်းလာဖြိုဟ်ခုံ

(က) ရှုံးသွပ်တတ်၏။

(ခ) ရေနစ်သေသဆုံးတတ်၏။

(ဂ) စိတ်ချောက်ချားတတ်၏။

(ဃ) အာရုံကြောရောဂါဖြစ်တတ်၏။

(၉၁)အင်္ဂါဖြိုဟ်ခုံ(အောက်နှင့်အထက်)

(က) တိုက်ခိုက်မိ၍ အန္တရာယ်ရှိတတ်၏။

(၉၂)ဗုဒ္ဓဟူးဖြိုဟ်ခုံ

(က) ပျက်စီးဆုံးရှုံးတတ်၏။

(ခ) ဘဝတွင် အရှုံးနှင့်ရင်ဆိုင်တွေ့ကြုံတတ်၏။

(၉၃)ကြာသပတေးဖြိုဟ်ခုံ

(က) ဂုဏ်သတင်းကျဆင်းတတ်၏။

(ခ) ပစ္စည်းဥစ္စာ များစွာပျက်စီးဆုံးရှုံးတတ်၏။

(ဂ) ဘဝပျက်စီးတတ်၏။

(၉၄)သောကြာဖြိုဟ်ခုံ


(က) ချစ်ဝေဒနာ ပြင်းတန်စွာခံစားရတတ်၏။

(ခ) ဆီးနှင့်သုတ်ရောဂါ ဖြစ်ပွားတတ်၏။

(၉၅)စနေဖြိုဟ်ခုံ

(က) ဆိုးရွားမှုဖြစ်နိုင်စရာများပေါ် ပေါက်နေတတ်၏။

ကျား/ဆီးစပ်နှင့်တင်ပါးရှိမှဲ့အနေအထား




www.burmeseclassic.com

www.burmeseclassic.com



# ကျွား/ဆီးစပ်နှင့်တင်ပါးရှိ မှဲ့အဟော

**(၉၆)ဆီးစပ်ညာဘက်**

(က) အနုပညာကို စာတွေ့လက်တွေ့လိုက်စားတတ်၏။
ခ) အတတ်ပညာတစ်ခုခုကိုအောင်မြင်စွာဆောင်ရွက်နိုင်၍ ချမ်းသာကြွယ်ဝတတ်၏။
ဂ) အနုပညာကို မြင့်တင်လိုသော ထိပ်တန်းပုဂ္ဂိုလ်တစ်ဦး၏ ချီးမြှောက်မှုကြောင့်လည်း ချမ်းသာကြွယ်ဝတတ်၏။
(ဃ) ဥာဏ်ထက်ကံလိုက်မှုကများတတ်၏။
(င) အသက်အရွယ် ကြီးလာချိန်တွင် အပျော်အပါးလိုက်စားလွန်းမှုကြောင့် ဦးနှောက် ချောင်သွားတတ်၏။

**(၉၇)ဆီးစပ်အပေါ်နား၊ ဗိုက်သားဖြင်၏ညာဘက်**

(က) ဂုဏ်ရှိန်မြင့်စွာဖြင့် မွေးဖွားလာခဲ့သော်လည်း ငွေကြေး မပြည့်မစုံ ဖြစ်တတ်ပေ၏။



(ခ) သိပ္ပံဘာသာရပ်ကို လိုက်စားလွန်းတတ်၏။
(ဂ) ဘဝအစပျိုးနေချိန်တွင် သစ္စာမဲ့သော ဆန့်ကျင်ဘက်လိင်(အမျိုးသမီး)တစ်ဦးကြောင့် မိန်းမ မုန်းသူတစ်ဦး ဖြစ်သွားတတ်၏။

**(၉၈)ဆီးစပ်တစ်ဝိုက်**


(က) ချမ်းသာကြွယ်ဝတတ်၏။
(ခ) ဩဇာအာဏာရှိတတ်၏။
(ဂ) ဘဝတွင် ရိုးသား ကြိုးစား၍ ခပ်ကုပ်ကုပ် နေတတ်၏။
(ဃ) တည်ငြိမ်စွာဖြင့် အသက်ရှည်ရှည်နေရတတ်၏။
(င) မမျှော်လင့်ဘဲ သိုဝှက်ထားသောအဖိုးတန်ပစ္စည်းများကို ရှာဖွေတွေ့ရှိတတ်၏။
(စ) မမျှော်လင့်ဘဲ အမွေပစ္စည်း များစွာတို့ကို ရင်တတ်၏။

**(၉၉)ဆီးစပ်အနီးဘယ်ဘေါင်**

(က) ပေါ့ပေါ့တန်တန် လက်လွှတ်စပယ်နေတတ်၏။
(ခ) အိမ်ယာမြေကိစ္စဖြင့် တရားရင်ဆိုင်ရတတ်၏။
(ဂ) ဥပဒေအသများတစ်ဦး၏ မသမာမှုကြောင့် တရားတဆောင် ရင်ဆိုင်ရသော်လည်း နောက်ဆုံးတွင် အမှန်တရား ပေါ်သွားတတ်၏။
(ဃ) စည်းလွတ် ဝါးလွတ် အပျော်ကျူးလွန်မှုကြောင့် ကိုယ်ရော စိတ်ပါ ဒုက္ခရောက်တတ်၏။

www.burmeseclassic.com

www.burmeseclassic.com






(၁၀၀)ဗယ်ထင်ပါးအပေါ်

(က) ရန်လိုစိတ် ရှိတတ်၏။

(ခ) သည်းခံစိတ် မရှိ၊ တရားစွဲရန်သာ စိတ်ဆန္ဒ စောနေတတ်၏။

(ဂ) လူမျိုးခြား အမျိုးသမီးတစ်ဦးနှင့် ခမ်းနားစွာ လက်ထပ်ပြီး မိမိ၏ဘဝသည် ခိုင်မာတည်ငြိမ် လာတတ်၏။

(ဃ) အစာ အသိပ်သင့်တတ်၏။

(၁၀၁)ထင်ပါး နှင့် တစ်တန်းတည်းသော ဗိုက်ပြင်၏ ဗယ်ဘက်

(က) ငွေကြေးအတော်အတန်ချမ်းသာကြွယ်ဝတတ်၏။

(ခ) အစာအိမ်ရောဂါ ရရှိတတ်၏။

(ဂ) ရပ်ဝေးခရီးသွားခိုက် ဘေးအန္တရာယ် ကြုံတွေ့ တတ်၏။

(၁၀၂)ခန္ဓာကိုယ် ၏ ဗယ်ဘက်၊ အောက်ဆုံးနံရိုး နှင့် ထင်ပါး အကြား

(က) မရည်ရွယ်ဘဲနှင့် စည်းစိမ်ဥစ္စာ ဂုဏ်ရှိန်များ ရ[illegible] တတ်၏။

(ခ) တိုင်းတစ်ပါးတွင် ကာယလုပ်သား ဖြစ်တတ်၏။

(ဂ) အသက်သုံးဆယ်အရွယ်တွင်မိတ်ဆွေတစ်ဦးအား မိမိကြောင့် မတော်တဆ သေဆုံးရတတ်၏။

www.burmeseclassic.com

www.burmeseclassic.com



(၁၀၃)တင်ပါး နှင့် အောက်ဆုံးနံရိုးအကြား ဗိုက်ပြင်ဗယ်ဘက်

(က) ဩဇာအာဏာရှိသူတို့၏ ဖိနှိပ်မှုကို ခံရတတ်၏။

(ခ) ဇနီးမယား သို့မဟုတ် သမီးကြောင့် အချုပ်အနှောင် ထောင်တန်း ကျတတ်၏။


(ဂ) ဒုက္ခသုက္ခတို့ဖြင့်သာ ရပ်တည်နေရတတ်၏။

(၁၀၄)တင်ပါးဗယ်ဘက်

(က) ကုသိုလ် အကျိုးပေး နည်းတတ်၏။

(ခ) အကျင့်စာရိတ္တ ကောင်းမွန်တတ်၏။

**********************




www.burmeseclassic.com

www.burmeseclassic.com



# ကျား/လျှို့ဝှက်သောနေရာရှိ မှဲ့အဟော

**(၁၀၅)လိင်အင်္ဂါ(အမျိုးသား)**

(က) သန့်ကျင်ဘက်လိင် (အမျိုးသမီး)တို့၏ ချစ်ခင်စွဲလမ်း နှစ်သက်မြတ်နိုးခြင်းကို ခံရတတ်၏။


(ခ) အိမ်ထောင်သက် များတတ်၏။

(ဂ) လူပျို လူလွတ်ဖြစ်လျှင် ချစ်သူရည်းစား များတတ်၏။

(ဃ) ကာမရမ္မက်စိတ် လွန်ကဲတတ်၏။

******************

ကျား/မခြေသလုံး ခြေဖဝါးရှိမှဲ့အဟော




www.burmeseclassic.com

www.burmeseclassic.com



## ကျား/ငပါင်၊ ခြေသလုံး ခြေဖဝါး မှဲ့အဟော

**(၁၀၆)ညာပေါင်ကြား အပေါ်ပိုင်း**

(က) ဉာဏ်ပညာ ထက်မြက်တတ်၏။
(ခ) လူမှုဆက်ဆံရေး ကောင်းမွန်တတ်၏။
(ဂ) အငွေ့မစွန်းမှုများ ရရှိတတ်၏။
(ဃ) အစာအိမ်(သို့မဟုတ်)အသဲရောဂါ ဖြစ်တတ်၏။

**(၁၀၇)ညာဘက်ဒူးခေါင်း အပေါ်**

(က) လယ်ယာမြေနှင့် အကျိုးပေးတတ်၏။
(ခ) ကာယလုပ်အားနှင့် ငွေကြေးများရရှိတတ်၏။
(ဂ) ဘဝတွင် ကြီးကျယ်သောချမ်းသာသုခကို မရနိုင်သော်လည်း ကြီးစွာသောဒုက္ခကို မတွေ့သူဖြစ်တတ်၏။



**(၁၀၈)ညာပေါင် အောက် ဘက်တစ်ပိုင်း**

(က) ဘဝင်မြင့်မားသူ အခြေနှင့် ထူးချွန်မှုကို ရရှိတတ်သော်လည်း ယုတ်မာသလောက် အလိုရမ္မက် ကြီးတတ်၏။
(ခ) ငွေရေးကြေးရေးကိစ္စနှင့်ပတ်သက်၍ လောဘကြီးသကဲ့သို့ ငွေကြေးမြင့်သာ အရာရာကို သုံးဖြုန်းတတ်သူ ဖြစ်တတ်၏။
(ဂ) အမြဲအလုပ်များနေရ၍ အရောင်အသွေးတောက်ပမှု မရှိသောအဝမြင့် ရင်ဆိုင်ရပြီး ကံဆိုးသူဖြစ်တတ်၏။
(ဃ) ခေါင်းပေါ်သို့ တစ်ခုခုပိကျပြီးသေဆုံးရတတ်၏။
(င) ကုသ၍မရနိုင်သော ရောဂါဝေဒနာမျိုးကို ပြင်းထန်စွာခံစားရခြင်း အမြင့်မှလိမ့်ကျပြီး သေဆုံးရခြင်း ရေနစ်သေဆုံးရခြင်းတို့ ကြုံတွေ့ရတတ်၏။

**(၁၀၉)ညာပေါင်တန် အတွင်းဘက်၊ ဒူးဆစ် နှင့် ကိုယ်ထည် ကြား**

(က) အမွေဆက်ခံမှုဖြင့် ချမ်းသာကြွယ်ဝမှုကို ရရှိတတ်၏။
(ခ) အသက်နှစ်ဆယ်ရှစ်နှင့် သုံးဆယ်နှစ်နှစ်အကြား ဒုက္ခသုက္ခအဖုံဖုံ ကျရောက်တတ်၏။
(ဂ) ယင်းဒုက္ခသုက္ခများမှ ကင်းလွတ်ရန်မှာ ထိုသူ၏ ဆုံးဖြတ်ချက်အပေါ်တွင် မူတည်တတ်၏။

www.burmeseclassic.com

www.burmeseclassic.com



(ဃ) ထိမ်းမြားလက်ထပ်မှုနှင့်ပတ်သက်၍ဖိတ်သောက ရောက်တတ်၏။

(၁၁၀)ညာခြေအလုံး အတွင်းဘက်

(က) ထင်မှတ်တိုးမိုက်မှုရဲစိတ်ဖြင့် ဒုက္ခပေးတတ်၏။

(ခ) ခွန်အားဗလနှင့် ပြည့်စုံသူတစ်ဦး ဖြစ်တတ်၏။

(ဂ) သက်လတ်ပိုင်းတွင် ဘိုးဘွားများထားရစ်ခဲ့သော အမွေအနှစ် မြောက်များစွာ ရရှိတတ်၏။

(ဃ) သားဦးယောကျ်ားကလေး ရတတ်ပြီး လူလား မြောက်သည်နှင့် စကားအကြီးအကျယ်များကာ၊ နိုင်ငံခြားသို့ ထွက်ခွာသွားပြီး ရက်ဖွယ်လိလိဖြင့် သေဆုံးရတတ်၏။

(၁၁၁)ညာခြေထောက်အပေါ်

(က) ကံကောင်းတတ်၏။


(ခ) ညာဏ်ပညာကြီးမား၍ လူချွန်လူမွန် ဖြစ်တတ်၏။

(ဂ) မသာသော စီးပွားဆုံးရှုံးများ ဖြစ်တတ်၏။ ဒုက္ခ ကြုံတွေ့ရတတ်၏။

(ဃ) သက်လတ်ပိုင်းအရွယ်တွင် ဝက်ရူးပြန်ရောဂါ ခံ စားရတတ်၏။

(၁၁၂)ဘယ်ဘက်ပေါင်

(က) ကျန်းမာရေး ညံ့ဖျင်းမှုကြောင့် ဒုက္ခရောက်တတ် ၏။




www.burmeseclassic.com

www.burmeseclassic.com



(ခ) သေချာရေရာသော သဘောကို ဆောင်သော်လည်း၊ လက်တွေ့၌ မအောင်မြင်ဘဲ ရှိတတ်၏။

(ဂ) "ကံဆိုးမ သွားလေရာ မိုးလိုက်၍ရွာ" ဆိုသော စကားကဲ့သို့ ဖြစ်နေတတ်၏။

(ဃ) လေမုန်တိုင်း မြေလျှင် စသော သဘာဝ ဘေးဒဏ်သင့်၍ သေဆုံးရတတ်၏။

(၁၁၃)ဖယ်ပေါင် အနောက်ဘက်

(က) ဘဝတွင် မရေရာ မသေချာ၊ အတက်အကျ မြန်တတ်၏။

(ခ) ကြီးမားသော ဖြစ်ရပ်တစ်ခုကို ကျူးလွန်မိသော်လည်း၊ နောက်ဆုံးတွင် အပြစ်မှ ကင်းလွတ်ခွင့် ရတတ်၏။

(၁၁၄)ဖယ်ပေါင်အတွင်းဘက် အလယ်ပိုင်း

(က) ဘဝနိမ့်ကျပြီး မွဲတေသူဖြစ်၍ အိမ်ထောင်ရေး မတည်မငြိမ် ဖြစ်တတ်၏။

(ခ) လောင်းကစားမှုများကြောင့် ငွေကြေးကုန်ခန်းမှုများ ဖြစ်တတ်၏။

(ဂ) အကြွေးမဆပ်နိုင်၍ ထောင်တန်း ကျတတ်၏။

(၁၁၅)ဖယ်ဒူးခေါင်းအပေါ် အနီးတစ်ဝိုက်

(က) ဦးနှောက်ချို့ယွင်းနေ၍ သက်ကြီးရွယ်အိုဖြစ်သည့်တိုင်၊ မိသားစုကိစ္စရပ်များကို ဦးဆောင်နိုင်သူ မဟုတ် ဖြစ်တတ်၏။



(ခ) မိခင်ဖြစ်သူက ၄င်းအား မမွေးဖွားမီ ရရှိသော ဒဏ်ရာရမှုကြောင့် ဦးနှောက်ပျက်လာသူ ဖြစ်တတ်၏။

(ဂ) ယင်းကဲ့သို့ ဦးနှောက်ပျက်မှုကြောင့် ထိုသူသည် ဘဝတွင် မပင်မပန်း ဇိမ်ကျကျနေထိုင်ရတတ်၏။

(ဃ) လိုချင်သောလောဘစိတ်ကို မထိန်းသိမ်းနိုင်လျှင်လည်း ဦးနှောက်ရောဂါ ရတတ်၏။

(၁၁၆)ဖယ်ခြေသလုံး အတွင်းဘက်

(က) ဘဝတွင် ခံစား စံစား နေရသောကိစ္စရပ်များကို တစ်ကိုယ်တည်း ကြိတ်ပြီး ခံစားနေတတ်၏။

(ခ) လူဝတ်ကြောင်ကိုစွန့်၍ ရသေ့အဝတ်ကို ဝတ်ဆင်မြန်းသော်လည်း အများ၏သွားပုပ်လေလွင့် ပြောစရာ ဖြစ်တတ်၏။

(ဂ) မသမာသောနည်းများကို သုံးခြင်းဖြင့် ချမ်းသာ ကြွယ်ဝတတ်၏။

(၁၁၇)ဖယ်ခြေထောက်အပေါ်

(က) ကံကောင်းထောက်မမှုများ များစွာ ရရှိတတ်၏။

(ခ) ဉာဏ်ပညာကြီးမားပြီး လူချွန်လူမွန် ဖြစ်တတ်၏။

(ဂ) မသမာသောနည်းဖြင့် စီးပွား ဥစ္စာ ဖြစ်ထွန်းသလောက် ကြီးစွာသောဒုက္ခနှင့် ကြုံတွေ့ရတတ်၏။

(ဃ) သက်လတ်ပိုင်းတွင် ဝက်ရူးပြန်ရောဂါ ခံစားရတတ်၏။


*****************

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃)

### အမျိုးသမီးတို့၏ မှဲ့သျှုတ္တရအဟော




## အခန်း(၃)

## အမျိုးသမီးတို့၏ မှဲ့သျှုတ္တရအဟော

### မ/ဦးခေါင်းပိုင်းရှိ မှဲ့အဟော

**(၁) နဖူးမြင့်အလယ် ဗတိုတည့်တည့်**

(က) မင်္ဂလာရှိသောမှဲ့ဖြစ်၍ လင်ကောင်းသားကောင်း ရတတ်၏။

(ခ) ဒိုးသွပ်ဖိုက်မဲသော ယောက်ျားကို ရရှိစေကာမူ လင်ကောင်းတစ်ယောက် ဖြစ်သွားတတ်၏။

(ဂ) စားဝတ်နေရေးအတွက် ပူပင်စရာမလို၊ အလုပ် အကိုင်အားလုံး အဆင်ပြေတတ်၏။

(ဃ) သောကတင်းစွာဖြင့် ပျော်ရွှင်ချမ်းမြေ့မှုများ ရရှိ တတ်၏။

(င) သွေးမျိုးသားချင်းတစ်ဦးဦးထံမှ တရားဝင် အမွေ တစ်ချို့တစ်ဝက်ကို မမျှော်လင့်ပဲ ရရှိတတ်၏။

www.burmeseclassic.com

www.burmeseclassic.com



(ဝ) အသက်သုံးဆယ်အတွင်း ရေနစ်ခြင်း မတော်တစ်ဆ ဒဏ်ရာရရှိခြင်း ရောဂါထူပြောခြင်းများ ဖြစ်တတ်၏။
( အဆောင် - ဝေါ်ဇုတ်ကျောက်ကို အမြဲ ဝတ် ဆင်ထားပါ။ )

(၂) နှုတ်ခမ်းအလယ် အောက်ပိုင်း
(က) အသင့်အတန်း မြင့်မားစွာ နေရတတ်၏။
(ခ) အချိန်ကို ပေါ်ကြွားခြင်းဖြင့်သာဖြုန်းတီးနေတတ်၏။
(ဂ) မိခင်ကောင်းတစ်ယောက် ဖြစ်တတ်သော်လည်း၊ နီးမယားကောင်းတစ်ယောက် မဖြစ်တတ်ပါ။ မိန်းမပေါ့တစ်ယောက်ကဲ့သို့ ဖြစ်နေတတ်၏။
(ဃ) ပထမအိမ်ထောင်နှင့် တစ်စုံတစ်ခု အကြောင်းကြောင့်ကွဲပြီး၊ ဒုတိယအိမ်ထောင်နှင့်အိမ်ထောင်ရေးသုခကို ရရှိတတ်၏။

(၃) နှုတ်ခမ်းအလယ် အပေါ်ပိုင်း
(က) အသက်အရွယ် ကြီးကာမှ အိမ်ထောင်ကျတတ်၏။
(ခ) သားသမီး အနည်းငယ်မျှသာ မွေးတတ်၏။
(ဂ) ရာဂစိတ် အားကြီးတတ်၏။
(ဃ) မိမိ၏အရည်အသွေးကိုပြသခြင်းဖြင့် ကျော်ကြားတတ်၏။



(င) အနုသုခုမပညာဖြင့် ဂုဏ်သတင်း ကျော်ကြား၊ ငွေကြေးဥစ္စာများ ရရှိခြင်းများ ဖြစ်တတ်၏။
(စ) မိမိ၏ နှုတ်ကြမ်းလျှာကြမ်းမှုကြောင့် အမျိုးသား အမျိုးသမီး မိတ်ဆွေများပါ နည်းပါးတတ်၏။
(ဆ) ဉာဏ်ပညာအသက်မျက်လုံးအောက်တွင်ရှိသောအမျိုးသားကိုအထူးသတိထားရှောင်ကြဉ်ပါ။ မရှောင်လျှင်ငွေရေးကြေးရေးကိစ္စရပ်များနှင့် အခြား ဥပဒေအက်သင့်သောကိစ္စရပ်များအတွက်နှုက်ရောက်တတ်၏။
( အဆောင် - အဖြာရောင်ကျောက်ကို လက်စွပ် လုပ်၍ ဝတ် ဆင် ထားပါ )

(၄) နှုတ်ခမ်း ညာဘက်
(က) ဘုန်းကံကြီးသောလင်ယောကျ်ားကို ရရှိတတ်၏။
(ခ) အသက်ရှည်စွာ နေရတတ်၏။
(ဂ) ချမ်းသာကြွယ်ဝတတ်၏။
(ဃ) အထက်တန်းကျပြီး ငွေကြေးနေ ပြည့်စုံသော်လည်း၊ ရိုးသားစင်ကြယ်သလောက်၊ အိမ်ထောင်သက် အတော်များများ ကာလအပိုင်းအခြားများတွင် နိုင်ငံခြားတိုင်းတစ်ပါး၌ ခင်ပွန်းသည်နှင့် အတူ သွားရောက်နေထိုင်ရတတ်၏။

www.burmeseclassic.com

www.burmeseclassic.com



(င) သားသမီး မရပဲ ဖြစ်နေတတ်၏။

သတိ = စီးပွားရေးနှင့် အနားယူပျော်ရွှင်ဖွယ်ရာများကို မတ်လ၌ မပြုလုပ်သင့်ပြီ နှင့် ရှာလိုင်လများသည် ပို၍ ကံကောင်းသည်ကို တွေ့ရတတ်၏။

( အဆောင် - ဖဏ္ဏမြား သို့မဟုတ် ကြောင်ကျောက်တို့အမြဲဝတ်ဆင်ထားပါ။)

(၇) နဖူးမြင် ဉာဏ်အစွန်း

(က) ရုပ်ရည် ချောမော လှပသလောက်၊ ပေါ့ပေါ့တန်တန် နေတတ်၏။

(ခ) ယော်ရွယ်သူတစ်ဦးနှင့် အိမ်ထောင်ကျတတ်သည်။ မိမိစိတ်ကို မထိန်းသိမ်းနိုင်လျှင်၊ အမျိုးသားတိုးယောက်ခန့်ကို တစ်ယောက်ပြီး တစ်ယောက်ပေါင်းသင်းဆက်ဆံရတတ်၏။

(ဂ) မသမာသောနည်းဖြင့် ချမ်းသာကြွယ်ဝလာတတ်၏။

(ဃ) သားသမီး မထွန်းကားဘဲ ဖြစ်နေတတ်၏။



(င) ဘဝတစ်သက်တာတွင် စိတ်လှုပ်ရှားမှုများစွာနှင့် ကြုံတွေ့ရတတ်သည်။ ထို စိတ်လှုပ်ရှားမှုများကို အလေးအနက်ဂရုမပြုပဲ စိတ်လွတ် ကိုယ်လွတ်ထားလျှင် အသက်တိုတတ်၏။

( အဆောင် - ပုလဲ သို့မဟုတ် အမြဲ ရောင်ကျောက်တို့ အမြဲ ဝတ်ဆင်ထားပါ။ )

(၈) နဖူးမြင်ဉာဏ် အလယ်

(က) အလှ ကောင်းတတ်၏။

(ခ) စည်းစိမ်ချမ်းသာ ရှိတတ်၏။

(ဂ) စိတ် တည်ကြည်သူ ဖြစ်တတ်၏။

(ဃ) အသက်ရှည်ခြင်း၊ ချမ်းမြေ့ခြင်း၊ အသိဉာဏ်ပညာ ကြီးတတ်၏။

(င) အိမ်ထောင်ပြုပြီးချိန်တွင် အမျိုးသမီးတစ်ဦး၏ အကောက်ကြံစည်မှု၊ စွပ်စွဲပြောဆိုမှုများ ခံရတတ်၏။

(စ) မိမိရပိုင်ခွင့်ရှိသော အမွေကိစ္စအတွက် သောကကြုံတွေ့ရ တတ်၏။ သို့သော် ထိခိုက်နစ်နာမှု မဖြစ်ပါ။

သတိ = အောက်တိုဘာလရောက်တိုင်း ငွေစုရန် သင့်သည်။ နိုဝင်ဘာလအတွင်းထူးခြားသောကိစ္စရပ်များ မပြုလုပ်သင့်။

( အဆောင် - ပုလဲတို့ အမြဲဆောင်ထားပါ။ )

www.burmeseclassic.com

www.burmeseclassic.com



(၇) နှမ့်မြင်ညာသတ် ဖွားခုံအောန်း ဝန်းကျင်

(က) ကြွေးဘဘာကာရှိသောလူ၏ နိုးမယား ဖြစ်တတ်၏။

(ခ) စားဝတ်နေရေးအဆင်ပြေသော အရာရှိကတော် ဖြစ်တတ်၏။

(ဂ) နှလုံးသားအချစ်ရေးရာကို ဦးစားပေး၍ တွေဝေလေ့ ရှိတတ်၏။

(ဃ) အကြောင်း ကြုံကိုက်၍ တွေ့လေသမျှသော အမျိုးသားတို့၏အဲ့ဆောင်မှုကို လွယ်လွယ်ကူကူ လိုက်လျောလေ့ ရှိတတ်၏။

(င) အချိန်နှီးအလကားအ အချိန်ကို ဖြုန်းတည်းလေ့ ရှိတတ်၏။

(စ) မြောက်ပင့်ပြောဆိုမှုကိုသဘောကျလေ့ရှိတတ်၏။

(ဆ) ဝေးကွာသော ဒေသရှည်ကို သွားလာတတ်သည့် နိုင်ငံခြားသားနှင့်အိမ်ထောင်ကျတတ်သော်လည်း လင်ယောက်ျားက သစ္စာရှိသလောက် မြတ်နိုးစွာ ပေါင်းသင်းဆက်ဆံတတ်၏။

(ဇ) သားသမီးနှစ်ဦးထွန်းကားတတ်သော်လည်း တစ်ဦးမှာ ပေါ်ရွယ်စဉ်ကပင် ဆုံးပါးတတ်၏။

(၈) နှမ့်မြင်ဖယ်သာတ်

(က) ကတော်မယား ဖြစ်တတ်၏။

(ခ) အဆင့်အတန်း မြင့်မားစွာ နေထိုင်ရတတ်၏။



(ဂ) အိမ်ထောင်နှစ်ဆက် ကျတတ်၏။

(ဃ) နိုင်ငံခြား တိုင်းတစ်ပါး၌ ဆင်းရဲနွမ်းပါးမှုဒဏ်ကို ခါးစီး၍ ခံစားရတတ်၏။

(င) သစ္စာမဲ့မှု လိမ်လည်လှည့်ဖျားမှုများကို ကြိမ်ဖန်များစွာ ပြုလုပ်၍ အမျိုးသား အမျိုးသမီးများက ဝိုင်းပယ် ရှောင်ရှားတတ်၏။

(၉) နှမ့်မြင် ဗယ်သာတ်ခြမ်း အလယ်တည့်တည့်

(က) ချမ်းသာကြွယ်ဝတတ်၏။

(ခ) ဂုဏ်သိက္ခာကိုမှ မထောက်ညှာပဲ မိုင်းစိုင်းရဲတင်း သလောက်၊ လော်မာသူ တစ်ဦး ဖြစ်တတ်၏။

(ဂ) အသက်သုံးဆယ်ကျော်သည် နှင့် မနာဝန်တိုမှုကြောင့်၊ ဒေါသအမျက်များ ချောင်းချောင်းထွက်နေတတ်၏။

(ဃ) မနာလို ဝန်တိုစိတ်ကြောင့်ပင် လင်ယောက်ျားကောင်းနှင့် သားကောင်း၊ သမီးကောင်းများ ရထားလင့်ကစား၊ လင်ယောက်ျားဖြစ်သူအား သတ်ဖြတ်ပစ်ခြင်းသည့် စိတ်ဓါတ်များ ပေါ်နေတတ်၏။

( အဆောင် – မြကွဲသို့သော အစိမ်းရောင်ကျောက်ကို အမြဲ ဝတ်ဆင်ထားပါ။ )

www.burmeseclassic.com

www.burmeseclassic.com



**(၁၀)နှုတ်ခမ်းပြင် ဗေဒအတိတ်ခြမ်းအခွန်**

(က) လင်ယောက်ျားကောင်းရရှိသာမက၊ သားကောင်း သမီးကောင်း များစွာထွန်းကားတတ်၏။

(ခ) တွေ့လေသူတိုင်းအား မနှစ်မြို့နိုင် မြည်တွန် တောက်တည်းနေတတ်၏။

(ဂ) ကူးစက်တတ်သောရောဂါတစ်ခုကြောင့်သေဆုံး ကြုံတွေ့ရတတ်၏။

(ဃ) အကယ်၍ မသေဆုံးလျှင် ရာသက်ပန် နာတာ ရှည်ရောဂါဝေဒနာ ခံစားနေရတတ်၏။

(င) အမျိုးသားများထက် အမျိုးသမီး လောက အလယ်တွင် ပေါ်လွင်ထင်ရှား နေတတ်၏။

**( အဆောင် - မြရထနာကျောက်ကို အမြဲ ဝတ် ဆင်ထားပါ။)**

**(၁၁)နှုတ်ခမ်းပြင်ဘယ်မျက်ခုံး၏ ညာဘက်အခွန်**

(က) မမျှော်လင့်ပဲအိမ်ထောင်ပြုမှုကြောင့် ဆင်းရဲဒုက္ခ အမျိုးမျိုး တွေ့ရတတ်၏။

(ခ) သမီးမထွန်းကားပဲ သားယောက်ျား သုံးယောက် တိတိ ဆက်တိုက်မွေးဖွားတတ်၏။

(ဂ) တဏှာရာဂ ကြီးတတ်၏။

(ဃ) မိမိစိတ်ကို မထိန်းသိမ်းနိုင်လျှင် ဘဝပျက်သွား တတ်၏။

(င) ခရီးသွားလာ၍ လှုပ်ရှားနေရတတ်၏။



(စ) အသက်အရွယ် ကြီးရင့်လာချိန်တွင် အဆင့် အတင့် စီးပွားရေးလုပ်ငန်းများ အောင်မြင်တတ် ၏။

**( အဆောင် - ကြောင်ကျောက်ကို အမြဲဆောင် ထားပါ။ )**

**(၁၂)ဗေဒအတိတ်မျက်ခုံးအပေါ် အလယ်တည့်တည့်**

(က) တဏှာရာဂအလိုလိုက်မှုကြောင့် လော်လီဖောက် ပြားတတ်၏။

(ခ) လည်ချောင်းရောဂါကို ခံစားရတတ်၏။

(ဂ) မိုးကြိုးထိမှန်ပြီး သေဆုံးရတတ်၏။

**( အဆောင် - နီလာကျောက်ကိုဆောင်ထားပါ။ )**

**(၁၃)ဘယ်မျက်လုံးထောင့်**

(က) လော်လီဖောက်ပြားသော မိန်းမတစ်ဦး ဖြစ်၍ လူမှုရေး၊ ငွေရေးကြေးရေး သုံးပါးပျက်စီးတတ် ၏။

(ခ) နှာ၊ နှာခေါင်း၊ လည်ချောင်း၊ မျက်စေ့နှင့် ပတ်သက်သော ရောဂါ ဝေဒနာတို့ နာတာရှည် ခံစားရတတ်၏။

(ဂ) တရားတပေါင် ရင်ဆိုင်ရခြင်း၊ အစော်ကားခံရ ခြင်းတို့ ကြုံတွေ့ရတတ်၏။

(ဃ) မမျှော်လင့်ပဲ အသေဆိုးနှင့် သေရတတ်၏။

**( အဆောင် - ကျောက်စိမ်းကျောက်ကို အမြဲ ဆောင်ထားပါ။ )**

www.burmeseclassic.com

www.burmeseclassic.com



**(၁၄)မျက်ခုံးနှစ်ခု၏ အလယ်တည့်တည့်**

(က) ကောင်းလျှင် အလွန်ကောင်းတတ်ပြီး၊ ဆိုးလျှင် အလွန်ဆိုးတတ်၏။

(ခ) အမျိုးသမီးများအကြောင်းကို တစာစာ ပြောဆို နေတတ်၏။

(ဂ) အနောက်အရပ်သို့ လှေ၊ သင်္ဘော တို့ဖြင့် ရေလမ်းခရီးသွားရင်း ရေဘေး၊ မီးဘေး သင့်ကာ သေဆုံးရတတ်၏။

(ဃ) တစ်ချို့သော မှဲ့သျှုတ္တရကျမ်းများတွင် ဤမှဲ့မျိုးကို "ရေနစ်သေဆုံးရတတ် သို့မဟုတ် ယောက်ျား ဖြစ်သူ သေဆုံးရလိမ့်မည်" ပြဆိုထား၏။

**(၁၅)မျက်ခုံးညာဘက်တစ်ဝိုက်**

(က) တဏှာရာဂ ကြီးတတ်၏။

(ခ) မိဘဆွေမျိုးများအား ခိုက်တတ်၏။

(ဂ) လင်ကောင်းသားကောင်းများ ရရှိတတ်၏။

(ဃ) ကျန်းမာရေး အလွန်ကောင်းမွန်တတ်၏။

(င) ချမ်းသာကြွယ်ဝတတ်၏။

(စ) အိမ်ထောင်ရေး သာယာတတ်၏။

(ဆ) အသက် ငယ်ငယ်ရွယ်ရွယ်နှင့် အိမ်ထောင်ကျ တတ်၏။



**(၁၆)မျက်ခုံးဘယ်ဘက်တစ်ဝိုက်**

(က) အိမ်ထောင်ရေး သာယာတတ်၏။

(ခ) သားကောင်းရတနာ မွေးဖွားတတ်၏။

(ဂ) အများ၏ ကြည်ညိုလေးစားခြင်းကို ခံရတတ်၏။

(ဃ) ကတော်မယား ဖြစ်တတ်၏။

(င) လင်ယောက်ျားဖြစ်သူအား ခိုက်တတ်၏။

**(၁၇)မျက်လုံးအိမ်အတွင်းဘက်**

(က) တဏှာရာဂ ကြီးတတ်၏။

(ခ) အမျိုးသားများနှင့် နေထိုင်သွားလာနေရသည်ကို ပျော်မွေ့နေတတ်၏။

(ဂ) သူတစ်ပါး၏ မယားငယ် ဖြစ်တတ်၏။

(ဃ) မကောင်းမှုဖြင့် အသက်မွေးဝမ်းကျောင်းတတ်၏။

(င) အလုပ်အကိုင်၊ အကြံအစည်များ ပြုလုပ်တိုင်း ပျက်ပြားတတ်၏။

**( အဆောင် - ပုလဲကို အမြဲဆောင်ထား ဝတ်ဆင်ပါ )**

**(၁၈)ဘယ်မျက်လုံးအောက်ဘက်ထောင့်**

(က) ပေါ့ပေါ့တန်တန် နေတတ်ပြီး စိမ်ခံမှုကြောင့် မသမာမှုများနှင့် ကြုံတွေ့ရတတ်၏။

(ခ) အမျိုးသမီးချင်း ဂုဏ်တု ဂုဏ်ပြိုင် ပြုတတ်၏။

www.burmeseclassic.com

www.burmeseclassic.com



(ဂ) တိရစ္ဆာန်များကို လူထက်အလေးထားကာ မွေးတတ်၏။

( **သတိ** = ဆောင်းရာသီလများ၏ (၁၁)ရက်နှင့် (၁၉)ရက်များကို သတိထားသင့်သည်၊ ဇွန်လ(၁၂)နှင့် စက်တင်ဘာလ (၁၇၊ ၂၀၊ ၂၇) နေ့ရက်များသည် နေ့ရက်ကောင်းများဖြစ်သည်ကို အထူး သတိပြုပါ။ )

**( အဆောင် = ပတ္တမြားကို ဆောင်ထားပါ။ )**

**(၁၉)ညာမျက်လုံးအောက်ဘက်**

(က) ခန္ဓာကိုယ် ဖွံ့ဖြိုးတောင့်တင်းသော်လည်း အနေအထိုင်မတတ်သဖြင့် ဆွဲဆောင်မှုအား နည်းပါးတတ်၏။

(ခ) မိဘများကို အထူး လေးစားချစ်ခင် ရိုသေတတ်၏။

(ဂ) သူတစ်ပါးအိမ်တွင် ဆင်းရဲစွာ လုပ်ကိုင် စားသောက် နေရတတ်၏။

(ဃ) သာမညဘဝနှင့်ပင် သက်ဆိုး ရှည်သော်လည်း တစ်ရပ်တကျေး၌ အညတြဘဝဖြင့် ရုတ်တရက် သေဆုံးရတတ်၏။



**(၂၀)ညာဘက်ပါးပြင်ပေါ်တစ်ဝိုက်**

(က) ဉာဏ်ပညာကြီးမားသူ ဖြစ်တတ်၏။

(ခ) အတွေးနက်နက် တွေးတတ်၏။

(ဂ) ဘာသာရေးကို ကိုင်းရှိုင်းသူ ဖြစ်တတ်၏။

(ဃ) သီလရှင်ဘဝနှင့် အရိုးထုတ်တတ်၏။

(င) မြင့်မြတ်သူတို့၏ ကြည့်ရှုစောင့်မမှုကို ခံရသလို ဆင်းရဲသားလူတန်းစားတို့၏လေးစားချစ်ခင်ခြင်းကိုလည်း ခံရတတ်၏။

(စ) ဂုဏ်သရေရှိ အသိုင်းအဝိုင်း၌ မွေးဖွားလာသူတစ်ဦးဖြစ်သော်လည်းသူ၏လျှို့ဝှက်မှုများကြောင့် ဘဝမတည်မငြိမ် ဖြစ်တတ်၏။

(ဆ) ပတ်ဝန်းကျင်ရှိ လူများအဘို့ ဒုက္ခပေးသူတစ်ဦး သို့မဟုတ် အမြဲစိတ်ငြိုငြင်အောင်လုပ်သူတစ်ဦး ဟုမြင်ကြသော်လည်း အများ၏ ချစ်မြတ်နိုးမှုကို ခံရတတ်၏။

(ဇ) လိင်ကိစ္စ ဖောက်ပြန်တတ်၏။

(ဈ) အမျိုးသားများ၏အထူးစိတ်ဝင်စားမှုကို ခံရတတ်၏။

(ည) ကုသ၍မရနိုင်သောရောဂါတစ်ခု စွဲကပ်တတ်၏။

( **သတိ** = ခုနှစ်ဂဏန်းသည် အစဉ် ကံကောင်းတတ်၏။ )

**( အဆောင် = ဂေါမိတ်ကျောက်ကို အမြဲဆောင်ထားပါ။ )**

www.burmeseclassic.com

www.burmeseclassic.com



(၂၁)ဗေယ်ဘက်ပါးပြင်ပေါ် ထစ်ဝိုက်

(က) သူတစ်ပါး၏အိမ်တွင် သင်းရဲပင်ပန်းစွာလုပ်ကိုင်စားသောက်ရတတ်၏။

(ခ) စရိုက်ကြမ်းတမ်းသူ ဖြစ်တတ်၏။

(ဂ) စကားအလွန်များသူ ဖြစ်တတ်၏။

(ဃ) အသက်ရှည်တတ်၏။

(င) ပူပန်သောကရောက်တတ်သည်။

(စ) ငယ်စဉ်က ဘဝနိမ့်ပါးနေရာမှ အသက်ကြီးလျှင် ထိုးတက်လာပြီး ကျဆင်းတတ်၏။

(ဆ) လောဘရမ္မက် ကြီးတတ်၏။

(ဇ) လိင်စိတ် များတတ်၏။

(ဈ) အလွန်ကိုကြိုးစားနိုင်မှ အောင်မြင်မှုကို ရရှိတတ်၏။

(၂၂)ညာနှုတ်ခမ်းအပေါ်

(က) ရုပ်ရည်ချောမောသူ ဖြစ်တတ်၏။

(ခ) သားကောင်း သမီးကောင်း ရတတ်၏။

